## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

အမိန့်အမှတ် ၁၁၃/၂၀၂၀

၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်

(၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၅ ရက်)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019 – COVID-19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံး (ကိုကိုးကျွန်း မြို့နယ်မပါ)တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီ အစဉ်တွင် အကျုံးဝင်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၂၀-၉-၂၀၂၀ ရက်စွဲပါ အမိန့် အမှတ် ၁၀၇/၂၀၂၀ ဖြင့် ကြေညာခဲ့ပါသည်။

၂။ အဆိုပါကြေညာချက် အပိုဒ် ၃။ အပိုဒ်ခွဲ(ဂ)၌ မိမိနေအိမ်တွင်သာနေထိုင်ရန် စည်းကမ်းချက် များတွင် **ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း(CMP)** စက်ရုံ၊ အလုပ်ရုံများ တွင် တာဝန်ထမ်းဆောင်မည့်သူများအား ၂၄-၉-၂၀၂၀ ရက်မှ ၇-၁၀-၂၀၂၀ ရက်အထိ လုပ်ငန်းခွင် သွားရောက်ခွင့်မပြုရန် သတ်မှတ်ခဲ့ပါသည်။

၃။ သို့ရာတွင် လက်ရှိအခြေအနေ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ ပိုမိုတွေ့ရှိရခြင်း၊ COVID-19 ရောဂါ ကူးစက်ခံထားရသူဖြစ်သော်လည်း မည်သည့် ရောဂါလက္ခဏာကိုမျှ မပြသေးသဖြင့် ပုံမှန်အတိုင်း သွားလာလှုပ်ရှား လုပ်ကိုင်နေသူများ ကြောင့် ရောဂါဖြစ်ပွားပျံ့နှံ့မှုနှုန်း မြင့်မားသွားနိုင်ပါသဖြင့် **ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း(CMP)** စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်မည့်သူများအား ၈-၁၀-၂၀၂၀ ရက်နေ့မှ ၂၁-၁၀-၂၀၂၀ ရက်နေ့အထိ လုပ်ငန်းခွင် သွားရောက်ခွင့်မပြုကြောင်း ထပ်မံထုတ်ပြန် ကြေညာလိုက်သည်။

၄။ ဤအမိန့်ကို လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည် ဖြစ်သည်။

5.10.20

(ဒေါက်တာမြင့်ထွေး)

ပြည်ထောင်စုဝန်ကြီး